ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ၂၀၁၆-၂၀၁၇ခု၊ဘဏ္ဍာရေးနှစ်
# ကယားပြည်နယ်၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၆–၂၀၁၇ခု၊ဘဏ္ဍာရေးနှစ်
ကယားပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

( ၂၀၁၆ ခုနှစ်၊ ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၈ခုနှစ်၊နတ်တော်လပြည့်ကျော်ရက်
(၂၀၁၆ခုနှစ်၊ဒီဇင်ဘာလရက်)

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

### အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို၂၀၁၆–၂၀၁၇ ခု၊ဘဏ္ဍာရေးနှစ်ကယားပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၆ – ၂၀၁၇ ခု ၊ ဘဏ္ဍာရေးနှစ်အတွက်အကျိုးသက်ရောက်စေရမည်။

## အခန်း(၂)

### နောက်ထပ်အသုံးစရိတ်များကိုခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား(၁) နှင့် (၂) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကိုသုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၆ ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်၂၀၁၆ ခုနှစ် ၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ အရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်း ဖြစ်သည် ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကိုစီမံခန့်ခွဲရန်မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကိုစီမံခန့်ခွဲရာတွင်ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၁၆ ခုနှစ် ၊ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်၂၀၁၆ ခုနှစ် ၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေပါပြဋ္ဌာန်း ချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်း များ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အရကျွန်ုပ်လက်မှတ် ရေးထိုးသည်။

ဝန်ကြီးချုပ်

ကယားပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရ / ပြည်နယ်လွှတ်တော်

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ခုနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ<br>သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ<br>ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | | အစိုးရအဖွဲ့ရုံး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၅. ၀၀၀ | | | ၂၅၆၄. ၀၅၁ | | | | | ၂၅၇၉. ၀၅၁ |
| ၂ | ၂ | | လွှတ်တော်ရုံး | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၈. ၂၇၃ | | | | | | | | ၁၈. ၂၇၃ |
| | | | ပေါင်း | | ၃၃. ၂၇၃ | | | ၂၅၆၄. ၀၅၁ | | | | | ၂၅၉၇. ၃၂၄ |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယအဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ခုနှစ် ကယားပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်း များတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၁၂၈. ၆၆၆ | | | | | ၁၂၈. ၆၆၆ |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | | ၁၀၄. ၈၂၄ | | | | | ၁၀၄. ၈၂၄ |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | | ၁. ၄၂၉ | | | | | ၁. ၄၂၉ |
| | | ၃ | မီးသတ်ဦးစီးဌာန | | | | | ၂၂. ၄၁၃ | | | | | ၂၂. ၄၁၃ |
| ၂ | ၂ | | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၄င်း | ၂. ၅၅၇ | | | ၃၂. ၂၆၉ | | | | | ၃၄. ၈၂၆ |
| | | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | | ၂၉. ၂၀၆ | | | | | ၂၉. ၂၀၆ |
| | | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၂. ၅၅၇ | | | | | | | | ၂. ၅၅၇ |
| | | ၄ | သမဝါယမဦးစီးဌာန | | | | | ၂. ၃၃၀ | | | | | ၂. ၃၃၀ |
| | | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | | ၀. ၇၃၃ | | | | | ၀. ၇၃၃ |
| ၃ | ၃ | | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၄င်း | ၀. ၀၉၀ | | | | | | | | ၀. ၀၉၀ |
| | | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၀. ၀၉၀ | | | | | | | | ၀. ၀၉၀ |
| ၄ | ၄ | | ကျန်းမာရေးနှင့်အားကစား | ၄င်း | ၆. ၀၀၀ | | | ၁၃၄. ၈၉၈ | | | | | ၁၄၀. ၈၉၈ |
| | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၆. ၀၀၀ | | | ၁၃၄. ၈၉၈ | | | | | ၁၄၀. ၈၉၈ |
| ၅ | ၅ | | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၄င်း | | | | ၁၉. ၁၇၉ | | | | | ၁၉. ၁၇၉ |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | | ၂. ၆၈၉ | | | | | ၂. ၆၈၉ |
| | | ၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | ၁၆. ၄၉၀ | | | | | ၁၆. ၄၉၀ |
| ၆ | ၆ | | ဆောက်လုပ်ရေး | ၄င်း | | | | ၅၈၃. ၃၂၂ | | | | | ၅၈၃. ၃၂၂ |
| | | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၈၁. ၄၇၆ | | | | | ၈၁. ၄၇၆ |
| | | ၂ | လမ်းဦးစီးဌာန | | | | | ၅၀၁. ၈၄၆ | | | | | ၅၀၁. ၈၄၆ |
| | | | ပေါင်း | | ၈. ၆၄၇ | | | ၈၉၈. ၃၃၄ | | | | | ၉၀၆. ၉၈၁ |